# ရေပူဝကျေးရွာ
# ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေပူဝကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

**မာတိကာ**


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ရေပူဝကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၉ |
| ၈။ | **ဘာသာရေးအဆောက်အအုံများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၃ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၄ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၄၉ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၂ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၄ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၅၆ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစု ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဒီဇင်ဘာလ၊ ၂၀၁၆**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ရေပူဝကျေးရွာ**

**ထားဝယ်မြို့နယ်**

# ရေပူဝကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ရေပူဝကျေးရွာသည် ထားဝယ်-မေတ္တာကားလမ်းပေါ်ရှိ တောင်သုံးလုံးကျေးရွာမှ (၁၅)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် ဟိန္ဒားကျေးရွာ၊ အနောက်တောင်ဘက်တွင် မြောင်းပြိုကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ကျေးရွာ၏ မြေအနေအထားသည် မြေပြန့်ဒေသဖြစ်သည်။ ရေပူဝကျေးရွာသည် ပထဝီဝင် အနေအထား အရ တောင်ကုန်း၊ တောင်တန်းပေါများသော ရွာတစ်ရွာ ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ရေပူဝကျေးရွာသည် တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မ ၈၀ မှ ၁၀၀ ပတ်ဝန်းကျင်တွင်ရှိပြီး ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတုကျရောက်သည့် ဒေသအတွင်း တည်ရှိပါသည်။ ကျေးရွာ၏ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပြီး ကျေးရွာအနီးတွင် တောတောင်၊ မြစ်ချောင်းများရှိပါသည်။ အခြားသော သတ္တု၊ ခဲ စသည့် သယံဇာတ တွင်းထွက်များထွက်ရှိမှု အနည်းငယ်ရှိသည်။ ဆည်ရေ၊ မြစ်ရေ၊ စမ်းရေနှင့် မြေအောက်ရေများ မရရှိနိုင်သလို ရေအရင်းမြစ် ရရှိနိုင်သည့်နေရာလဲမရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များကို အသင့်အတင့်တွေ့ရှိနိုင်ပါသေးသည်။ နွားစာနှင့် ဆေးဘက်ဝင်အပင်များမှာ အနည်းငယ် တွေ့ရှိရပါသည်။ သို့ရာတွင် ဆေးဘက်ဝင်ပင်များကို အသုံးပြုသူနည်းပါးပါသည်။ အကြောင်းအရင်းမှာ အဆင်သင့်ဖော်စပ်ပြီးသော ဆေးများကိုသာ အသုံးပြုမှုများခြင်းကြောင့် ဖြစ်သည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ရေပူဝကျေးရွာတွင် ဖွံ့ဖြိုးရေးပိုင်းအနေဖြင့် တိုးတက်မှုရှိနေသော ရွာတစ်ရွာပင် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ မီးသတ်အရန်တပ်ဖွဲ့၊ နာရေးကူညီမှုအသင်း၊ လူငယ်အဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ စသည်တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ဖြစ်သော UNHCR, World Vision, NRC နှင့် UNICEF စသည့်အဖွဲ့အစည်းများသည် ကျေးရွာ၏ ရေရရှိရေးကဏ္ဍ၊ ပညာရေးကဏ္ဍများအတွက် လိုအပ်သော အကူအညီများကို ထောက်ပံ့ပေးနေပြီး ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိပါသည်။ ကျန်ရှိသော ကဏ္ဍများပါ တိုးတက်လာစေရန်အတွက် အခြားသော သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်လိုအပ်နေပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ရေပူ၀ကျေးရွာတွင် မြေယာမဲ့ တောင်သူအိမ်ထောင်စုမှာ စုစုပေါင်း အိမ်ထောင်စု၏ (၈.၃၃%)ရှိပါသည်။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၅) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကထိ တောင်သူငယ် (၁၁) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၈) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၁၁) အိမ်ထောင်စု၊ စသည်တို့ရှိကြပြီး ဥယျာဉ်ခြံလုပ်ငန်းကိုသာ အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် (၅)အိမ်ထောင်စုရှိပြီး အများစုသည် နေ့စားကျပန်း လုပ်ငန်းများကို လုပ်ကိုင်နေကြပါသည်။

ရေပူ၀ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံမှာ ကွမ်းသီးဖြစ်သည်။ စိုက်ပျိုးနည်း စနစ်များမှာ မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကိုသာ ကျင့်သုံးနေဆဲဖြစ်သည်။ ဥယျာဉ်ခြံပိုင်ရှင်များသည် ငွေကြေးမလုံလောက်သဖြင့် ကျန်ရှိသော ခြံမြေဧကများတွင် စိုက်ပျိုးထားသော အသီးမသီးသေးသည့် အပင်ငယ်များကို တောခုတ်ရှင်းလင်းခြင်း၊ ပြုပြင်ခြင်းများ မပြုလုပ်နိုင်ကြပေ။ မြို့ကြီးများနှင့် အလှမ်းဝေးသောကြောင့် သီးနှံမျိုးစေ့ရရှိနိုင်မှု၊ သဘာ၀မြေဆွေး/အော်ဂဲနစ် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ အလွယ်တကူ မရရှိနိုင်ပေ။

သီးနှံစိုက်ပျိုးရေးအတွက် မိုးရေဖြင့်သာ အဓိက စိုက်ပျိုးကြပြီး ချောင်းရေယူ၍လည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြက်ရိတ်စက်နှင့် ဓါးကိုသာ အသုံးပြုကြပါသည်။ စိုက်ပျိုးရေးအတွက် အခြားသော စိုက်ပျိုးရေးသုံးကိရိယာများသုံးစွဲခြင်းမရှိပါ။ ဥယျာဉ်ခြံစိုက်ပျိုးရာတွင်လည်း ကြွက်၊ ရှဉ့်ကဲ့သို့သော ဖျက်ပိုးကောင်များက သီးနှံပင်များကို ဖျက်စီးခြင်းလည်း ကြုံတွေ့နေရပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ရေပူ၀ကျေးရွာတွင် နွားမွေးမြူသည့်အိမ်ထောင်စု (၂၄)အိမ်ထောင်စုရှိပြီး စုစုပေါင်း နွားကောင်ရေ (၉၂)ကောင်ရှိပါသည်။ စီးပွားဖြစ် ကြက်မွေးမြူသည့် အိမ်ထောင်စု(၅၈)စုရှိပြီး ကျန်အိမ်ထောင်စုများမှာ အိမ်တွင်းမွေးမြူခြင်းသာ ဖြစ်ပါသည်။ စီးပွားဖြစ် ဘဲမွေးမြူသည့် အိမ်ထောင်စု (၉) စုရှိပြီး အကောင်ရေမှာ (၄၃) ကောင်ရှိပါသည်။ ဝက်မွေးမြူသည့် အိမ်ထောင်စု (၃၅)စုရှိပြီး အကောင်ရေမှာ (၄၀)ကောင်ရှိပါသည်။ သို့ရာတွင် မွေးမြူရေးလုပ်ငန်းများတိုးတက်လာစေရန် လုံလောက်သောချေးငွေပမာဏ၊ နည်းပညာသင်တန်းများ ရရှိပါက ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းကို ပိုမိုလုပ်ကိုင်လာနိုင်မည်သည်။ မည်သည့်အသင်းအဖွဲ့/ ဌာနများမှလည်း မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ချေးငွေထုတ်ချေးခြင်းမရှိပါ။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ရေပူဝကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမရှိပါ ။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် နေ့စား၊ ကျပန်းလုပ်ငန်း၊ ဈေးရောင်းလုပ်ငန်း၊ ထိုင်းသို့သွား၍အလုပ်လုပ်ခြင်းနှင့် ရာသီပေါ်သီးနှံများ ရောင်းဝယ်ခြင်း လုပ်ငန်းများရှိပါသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ဈေးကွက်ဆိုင် ရာအသိအမြင်ရှိမှု အားနည်းခြင်း၊ အခြားဒေသထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်း၊ (၂၄)နာရီ လျှပ်စစ်မီး မရရှိသေးသည့်အတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှု လုပ်ငန်းများ မဆောင်ရွက်နိုင်ပေ။ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

ရေပူဝကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားခြင်းသည် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ရွာသားအများစုသည် စက်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ဆံပင်ညှပ်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း နိမ့်ကျ နေပြီး သင်တန်းစရိတ်ကုန်ကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သည် စက်ချုပ်၊ စက်ပြင်စသောသင်တန်းများကို အခကြေးငွေကုန်ကျခံကာ ပို့လွှတ်သင်ကြားကြသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ရေပူဝကျေးရွာတွင် ဥယျာဉ်ခြံလုပ်ကိုင်သူများသည် ပွဲရုံလုပ်ငန်းရှင်ထံမှ ကြိုတင် ငွေယူ၍ ရာသီပေါ်သီးနှံထွက်ချိန်တွင် ခြံထွက်သီးနှံများဖြင့် ပြန်လည်ပေးချေရပါသည်။ မိသားစု စားဝတ်နေရေးကိစ္စများ၊ အရေးပေါ်ကိစ္စများနှင့် ကြုံသည့်အချိန်တွင် ကျေးရွာတွင် ငွေချေး သူများ၊ ဆွေမျိုးမိတ်ဆွေများမှလည်း အတိုးနှုန်းကြီးစွာဖြင့် ချေးယူနေရသဖြင့် အတိုးနှုန်း သက်သာသည့် ကာလရှည်ချေးငွေ ဝန်ဆောင်မှုရရှိရန် လိုအပ်နေပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ရေပူဝကျေးရွာသည် မြို့နှင့်အလှမ်းဝေးပြီး သွားလာရခက်ခဲပါသည်။ ကျေးရွာ၏ ပို့ဆောင်ရေးကဏ္ဍာတွင် မော်တော်ယာဉ်ဆိုင်ကယ် (၄၆) စီးနှင့် နွားလှည်း (၁၁) စီး စသည် ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင်းလမ်းများသည် ပျက်စီးနေပြီး သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်ပေါ်နေပါသည်။ ကျေးရွာချင်းဆက်မြေသားလမ်းသည် မိုးတွင်းကာလများတွင်လမ်းများ

ပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ ရန်ပုံငွေများရရှိနိုင်ပါက မြေသားလမ်းများအား ကျောက်ခင်းလမ်းများအဖြစ် အဆင့်မြှင့်တင်လိုကြပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ရေပူဝကျေးရွာ၏ ယခုလက်ရှိတွင် ဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသေးပါ။ ကျေးရွာတွင် ဆိုလာနစ် အသုံးပြုနေကြသည့် အိမ်ထောင်စု (၂၈) စု ရှိပြီး၊ ဒီဇယ်အင်ဂျင်စနစ်နှင့် အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ လျှပ်စစ်မီးရရှိလာပါက ကျောင်းသား/သူများ၏ ပညာရေးတိုးတက်လာစေမှုနှင့် ကျေးရွာအတွင်း အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ရေပူဝကျေးရွာတွင် ဆက်သွယ်ရေးအားဖြင့် အထိုင်ဖုန်းများသာ လိုင်းကောင်း၍ လက်ကိုင်ဖုန်းများမှာ လိုင်းမကောင်းပါ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၃) လုံး၊ ရေဒီယို (၅၃) လုံး၊ တီဗွီ (၃၃) လုံး၊ ဂြိုလ်တုစလောင်း (၁၆) လုံး စသည် တို့မှ ရရှိပါသည်။ ကျေးရွာတွင် (၂၄)နာရီ မီးလင်းမှုမရရှိသေးသဖြင့် အချိန်နှင့်တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်သည့်အတွက် သတင်းအချက်အလက်များ အချိန်မီ မသိရှိနိုင်ခြင်းများရှိပါသည်။ ကျေးရွာ၏အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့်အခြေအနေများ ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ကောင်းရန်အတွက် လိုအပ်နေပါသည်။

**၆။ ပညာရေး**

ရေပူဝကျေးရွာတွင် မူလတန်းအထိသာရှိပြီး ကျောင်းအဆောင်သည် အလျား(၉၀) ပေ၊ အနံ (၃၀) ပေ၊ အမြင့် (၁၂)ပေ အရှည်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင်ဖြစ်သည်။ ရွာသားအားလုံးသည် ရေးတတ်ဖတ်တတ်အဆင့်ရှိကြပြီး ကျေးရွာတွင် ကျောင်းသား/သူများသည် မူလတန်းပြီးဆုံးသည်အထိ ပညာသင်ယူကြပါသည်။ အလယ်တန်းအောင် ရာခိုင်နှုန်းမှာ ကျေးရွာ၏ ၃.၅၁% နှင့် အထက်တန်းအောင် ရာခိုင်နှုန်းမှာ ၁.၃% သာရှိပြီး ကျေးရွာနှင့် (၁၅) မိုင်ကွာဝေးသည့် တောင်သုံးလုံးကျေးရွာရှိ အထက်တန်းကျောင်းတွင် သွားရောက် သင်ကြားရပါသည်။ တက္ကသိုလ်ပညာပြီးဆုံးသူ လူဦးရေမှာ (၄)ဦးသာရှိသဖြင့် ပညာတတ်အရေအတွက် အလွန်ပင်နည်းပါးကြောင်း တွေ့ရှိရသည်။

ရေပူဝကျေးရွာရှိ မူလတန်းစာသင်ကျောင်းသည် ကျေးရွာအတွင်းတွင် ရှိသောကြောင့် ကျောင်းသား/ သူများ ခြေလျင်၊ စက်ဘီးတို့ဖြင့် သွားလာကြပါသည်။ ဆရာ/ဆရာမများအတွက် လည်း ဝန်ထမ်းအိမ်ယာတစ်လုံး ဆောက်လုပ်ပေးရန် လိုအပ်နေပါသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိခြင်း၊ အာဟာရကျွေးမှုမရှိခြင်းနှင့် အိမ်သာတစ်လုံး လိုအပ်နေပါသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းသား/သူများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးပေးခဲ့သည်။

## ၇။ ကျန်းမာရေး

ရေပူဝကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ကျေးရွာနှင့် (၂) မိုင်ကွာဝေးသည့် ဟိန္ဒားကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သွားရောက် ကုသကြရပါသည်။ ရောဂါပြင်းထန်းမှုရှိလာပါက (၃၈)မိုင်ကွာဝေးသည့် ထားဝယ်မြို့ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူကြသည်။ လမ်းပမ်းဆက်သွယ်ရေး ဝေးလံလှသဖြင့် အသက်အန္တရာယ်စိုးရိမ်ရသည်အထိရှိနေပါသည်။ ကျေးရွာ၏ကျန်းမာရေးဝန်ဆောင်မှုအတွက် ဟိန္ဒားကျေးရွာမှ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးရွာအထိ လိုအပ်သည့်ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး အာဟာရပညာပေးအစီအစဉ်များလည်း ဟောပြောပေးလေ့ရှိပါ သည်။

ရေပူဝကျေးရွာရှိ အိမ်ထောင်အများစုသည် သောက်သုံးရေအတွက် ရေတွင်း (၃၈) တွင်းနှင့် ချောင်းရေကိုသာ အဓိက အသုံးပြုကြပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသောအိမ်ထောင်စု(၂၃)စုနှင့် ကျင်းအိမ်သာသုံးစွဲသော အိမ်ထောင်စု(၃၇)စုရှိသည်။ စာသင်ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန်လွယ်ကူလှသည်။ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးအသိပညာပေးဟော ပြောပွဲများ ကျင်းပပေးခြင်း၊ ယင်လုံအိမ်သာများဆောက်လုပ်သုံးစွဲနိုင်ရန် ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးပါလျှင် ကျေးရွာ၏ကျန်းမာရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း သွင်းအားစုများ ဝယ်ယူရခြင်း၊ ငှားရမ်းလုပ်ကိုင်ရခြင်းကြောင့် စားနပ်ရိက္ခာဖူလုံမှုလျော့နည်းပါသည်။ အချို့အိမ်ထောင်စုများသည် တောင်ယာစနစ်ကို စိုက်ပျိုးကြသောကြောင့် သစ်တောပြုန်းတီးမှု အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပြီး တီဘီရောဂါလူနာ အနည်းငယ်ရှိပါသည်။ ကျေးရွာသူ/သားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပဋိပက္ခများ မရှိပါ။ ကျေးရွာတွင် လူကုန်ကူးမှုများဖြစ်ပွားခြင်းမရှိပေ။

ရေပူဝကျေးရွာ၏ မြေဆီလွှာအနေအထားသည် အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးကာလတွင် လောင်မီးပိုးများ၊ ရွက်လိပ်ပိုးနှင့် ကြွက်များဖျက်စီးခြင်းကြောင့် ပျက်စီး

ဆုံးရှုံးမှုရှိပါသည်။ ရေပူဝကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျ ရောက်မှုမရှိပါ။ အကယ်၍ ဘေးအန္တရာယ် ကျရောက်မည်ဆိုပါ က ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်းထားရှိမှုမရှိပါ။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ် မည့်အုပ်စု အနည်းငယ် ရှိနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအနေဖြင့် အမှိုက် စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိပါသည်။ သဘာဝ ဘေး အန္တရာယ်ကြိုတင်ကာကွယ်ရမည့်စီမံချက်များမရှိသည့်အတွက် လိုအပ်သည်များကို ပြုလုပ် ပေးရန်နှင့် အမှိုက်များစနစ်တကျစွန့်ပစ်ရန်အတွက် နည်းလမ်းပြမှုများ၊ ပညာပေး ဟောပြော ပွဲများ ပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ရေပူဝကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ ခွဲခြားမှုမရှိပါ။ ကျား/မ ဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်း အကြမ်း ဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ သို့သော်လည်း ရေပူဝကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုရကြပါသည်။

ကျေးရွာ၏ကျေးရွာစီမံအုပ်ချုပ်မှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော် လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက် နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများသိရှိမှု အားနည်းကြပါသည်။ ကျေးရွာသူ/သားများသည် အခြေခံပညာအားနည်းခြင်းကြောင့် ကျား-မတန်းတူညီမျှမှုအား အမျိုးသမီးရေးရာဥပဒေနှင့်ပတ်သက်၍ အသိပညာပေးများ မြှင့်တင် ဆောင်ရွက်ပေးပါက အမျိုးသမီးများတန်းတူအခွင့်အရေးရရှိလာ၍ အမျိုးသမီးဆိုင်ရာဥပဒေများ နားလည်သိရှိ လာပြီး ကဏ္ဍအသီးသီးတို့အတွက် များစွာ တိုးတက်ဖွံ့ဖြိုးလာနိုင်ပေမည်။

## ၁၀။ ရေပူဝကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ဟိန္ဒား | | | ကျေးရွာအမည် - ရေပူဝ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ရရှိရန် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း။ | |
| ၂ | ကျန်းမာရေး | ကျန်းမာရေးပညာပေး | ရာသီအလိုက် ဖြစ်တတ်သောရောဂါများနှင့် သွေးတိုး၊ ဆီးချိုဆိုင်ရာရောဂါများ ဆိုင်ရာပညာပေးဟောပြောပွဲများ စီစဉ်ဆောင်ရွက်ပေးခြင်း။ | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာချင်းဆက်လမ်းပြုပြင်ခြင်း။ | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း ကျောက်ချောခင်းပေးခြင်း။ | |
| ၅ | အခြေခံအဆောက်အဦ | ကျေးလက်ရေပေးရေး | ရေတွင်းတူးဖော်ခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ခြင်း။ | |
| ၆ | အခြေခံအဆောက်အဦ | ကျေးလက်မီးလင်းရေး | တစ်အိမ်သုံးဆိုလာမီးတပ်ဆင်ပေးခြင်း။ | |
| ၇ | အခြေခံအဆောက်အဦ | ကျေးလက်အိမ်ယာ | ဆရာ/ဆရာမများနေရန် (၂)ခန်းတွဲ ဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်း။ | |
| ၈ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း။ | |
| ၉ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | စာကြည့်တိုက်ဆောက်လုပ်ပေးခြင်းနှင့် အားကစားကွင်းပြုပြင်ပေးခြင်း။ | |
| ၁၀ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | စာပေဟောပြောပွဲများ စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် အင်္ဂလိပ်စကားပြော သင်တန်း၊ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း။ | |

# ရေပူဝကျေးရွာ၊ ဟိန္ဒားကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှမောင် | ဦးဒူးလာ | ၆/ထဝန(နိုင်)၀၅၅၁၂၃ | ၆၇ | နာယက | - |
| ၂ | ဦးသက်ဌေး | - | ၆/ထဝန(နိုင်)၀၀၃၆၄၈ | - | ဥက္ကဋ္ဌ | - |
| ၃ | ဦးစောစပီလီ | - | ၆/ထဝန(နိုင်)၀၇၈၈၄၂ | - | အတွင်းရေးမှူး | - |
| ၄ | ဦးစံညွန့် | ဦးအောင်သင်း | ၆/ထဝန(နိုင်)၀၄၇၈၆၀ | ၅၅ | အဖွဲ့ဝင် | - |
| ၅ | ဦးစိုးစိုးမြင့် | ဦးဒူလော | ၆/ထဝန(နိုင်)၀၈၁၈၀၈ | ၄၈ | အဖွဲ့ဝင် | - |
| ၆ | ဦးနှင်းဦး | ဦးမျိုးမြင့် | ၆/လလန(နိုင်)၁၅၀၃၃၅ | ၃၄ | အဖွဲ့ဝင် | - |
| ၇ | ဦးမျိုးမျိုးဦး | ဦးမြင့်စိုး | ၆/မတန(နိုင်)၀၀၂၄၅၇ | ၂၃ | အဖွဲ့ဝင် | - |
| ၈ | ဦးလှဌေး | ဦးထွန်းဖေ | ၆/မတန(နိုင်)၀၀၃၄၁၅ | ၃၇ | အဖွဲ့ဝင် | - |
| ၉ | ဦးတိုးအောင် | ဦးမောင်လွင် | ၆/လလန(နိုင်)၀၅၁၉၈၈ | ၄၃ | အဖွဲ့ဝင် | - |
| ၁၀ | ဦးထွန်းဝင်း | ဦးဒယ်ပေါ | ၆/ထဝန(နိုင်)၀၄၈၅၄၉ | ၃၈ | အဖွဲ့ဝင် | - |
| ၁၁ | နန်းချယ်ရီအေး | ဦးစောနီးဒို | ၆/မတန(နိုင်)၀၀၄၆၃၃ | - | စာရင်းကိုင် | ၀၉-၂၅၈၅၄၅၈၆၈ |
| ၁၂ | ဒေါ်စန်းစန်းဌေး | ဦးဖေသိန်း | ၆/မတန(နိုင်)၀၀၀၇၉၄ | ၂၆ | အဖွဲ့ဝင် | - |
| ၁၃ | နန်းသရဖီအေး | ဦးစောနီးဒို | ၆/မတန(နိုင်)၀၀၂၄၇၂ | ၂၃ | အဖွဲ့ဝင် | ၀၉-၄၅၆၁၅၇၉၄၇ |

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၃ | ၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၂ | ၁၀ | ၂၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၉ | ၂၃ | ၄၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၄ | ၂၀ | ၄၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၇ | ၉၃ | ၁၈၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်အို | ၁ | ၃ | ၄ |
| **စုစုပေါင်း** | | **၁၄၈** | **၁၅၂** | **၃၀၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၆၀** | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ရေပူဝကျေးရွာတွင် အိမ်ထောင်စု(၆၀)စုနှင့် လူဦးရေ (၃၀၀)ဦးရှိပါသည်။ ကျား (၁၄၈)ဦးနှင့် မ (၁၅၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၅)ဦး ရှိပါသည်။ အသက် (၁၅) အောက်နှင့် အသက် (၆၀) နှစ်အထက် မှီခိုသူ (၄၀) ရာခိုင်နှုန်း ရှိပြီး ၊ အသက် (၁၅) နှစ်နှင့် (၆၀) နှစ်အကြား အလုပ်လုပ်နိုင်သော လူဦးရေ (၆၀) ရာခိုင်နှုန်း ရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူ ဖြစ်စေပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၀ | ၅၂ | ၁၈ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၁၀ | - | မြင့်☐လတ်☐နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၇ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင် ငွေရလုပ်ငန်းအဖြစ်လု ပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၅ | ၃ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့်☐လတ်☑နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၇ | ၁၃ | ၂၃ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၁၄၆ | ၂၂၇ | ၁၈ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင် လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ရေပူဝကျေးရွာ၏ အဓိက စီးပွါးရေးလုပ်ငန်းမှာ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် လက်လီလက်ကားရောင်းဝယ်ရေးတို့ဖြစ်သည်။ အချို့အိမ်ထောင်စုများသည် ကြုံရာကျပန်းအလုပ်လုပ်ကိုင်ခြင်း ၊ ပြည်ပဝင်ငွေကို မှီခိုခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုနေရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၄၀၀၀ | ၅၀၀၀ | ၁၀၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ရေပူဝကျေးရွာတွင် လယ်ယာလုပ်ငန်းခွင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်သာ နေ့စားလုပ်ကိုင်ကြသူများရှိပါသည်။ လုပ်အားခနှုန်းထားများမှာ ကျား၊ မ ကွာခြားမှုရှိပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၃ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ယာမြေ / တောင်ယာမြေ | ၁၃၄ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃၉၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၉၄၇ | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ရေပူဝကျေးရွာတွင် ကွမ်းသီးနှင့် ရာသီစာ သီးနှံ(အပင်နု)များ၊ ရော်ဘာပင်များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေ အများစုမှာ ဥယျာဉ်ခြံ (ရာဘာ၊ကွမ်းသီး)များဖြစ်ကြသည်။ မြေဆီလွှာအရည်အသွေးများ ညံ့ဖျင်းပါသည်။ စိုက်ပျိုးမြေများအတွက် ရေအရင်းအမြစ်မရှိသဖြင့် မိုးရေ၊ တွင်းရေဖြင့်သာ စိုက်ပျိုးကြပါသည်။

## (၈-၂) ခတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက် သယံ ဇာတများ (ခတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ခဲ စသည်။) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ရေပူဝကျေးရွာ၏ သတ္တုရရှိမှုအနေဖြင့် ခဲ အနည်းငယ် ရရှိပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များနှင့် အပင်မျိုးစိတ်များလည်း အနည်းငယ် ရရှိပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | နည်း | အလွန်နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၃** | **၅** | **၂၇** | **၂၅** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ရေပူဝကျေးရွာ၏ အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု (၃) စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၅)စု၊ ဆင်းရဲသောအိမ်ထောင်စု (၂၇) စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု (၂၅)စု ရှိပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများသည် မြေယာ ပိုင်ဆိုင်မှု အနည်းငယ်စီ ရှိကြသော်လည်း ဝင်ငွေနည်းပါးကြပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအ ရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = ၈<br>ချေးယူ = ၈<br>လုပ်အားခကြိုယူ = _____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၃ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ၅<br>လုပ်အားခကြိုယူ = ၅ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၈၉ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ၃<br>လုပ်အားခကြိုယူ = ၃ |

ရင်းမြစ်..ဥစ္စာမနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ရေပူဝကျေးရွာ၏ အိမ်ထောင်စုအများစုမှာ ဥယျာဉ်ခြံလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသောကြောင့် ဆန်ကို အပြင်မှ ဝယ်ယူစားသောက်ကြပါသည်။ ဆင်းရဲသောအိမ်ထောင်စု များသည် ဝမ်းစာမဖူလုံသည့် အချိန်များတွင် ချေးငွေချေးယူခြင်း၊ အတိုးဖြင့် ငွေချေးခြင်းဖြင့် ဝမ်းရေး ကို ဖြေရှင်းနေရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရေပူဝကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး အိမ်ထောင်စု (၅) စုသာ ရှိပါသည်။ အခြားသောကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ မရှိပါ။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ်☐ နိမ့်☐ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရေပူဝကျေးရွာတွင် ဝင်ငွေနည်းပါးမှုကြောင့် စားနပ်ရိက္ခာ မဖူလုံခြင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝအရင်းအမြစ် ရှားပါးလာခြင်းများစသည့် ထိခိုက်နိုင်သည့် အခြေအနေများရှိသည်။ တိရစ္ဆာန်ကူးစက်ရောဂါများလည်း ရံဖန်ရံခါ ဖြစ်ပွါးလေ့ရှိသည်။ ထားဝယ် မြို့နှင့် (၃၈) မိုင်ဝေးပြီး လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐နိမ့်☑ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐နိမ့်☐ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☑နိမ့်☐ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☑မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☑ နိမ့်☐မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရေပူဝကျေးရွာတွင် အမျိုးသမီးဦးဆောင်သော မိသားစုများ ကျပန်း မိသားစုများမှာ သဘာဝအရင်းအမြစ်များရှားပါး၍ အလုပ်အကိုင်ရှားပါးမှုကြောင့် စားနပ်ရိက္ခာ ဖူလုံရန် ခက်ခဲခြင်းတို့ကို ရင်ဆိုင်နေကြရသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ တစ်ခုကို သာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင် နိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အရန်မီးသတ် ဖွဲ့ | ၁☐ ၂☑ ၃☐ | ၆ | - | ၆ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | လူငယ်အဖွဲ့ | ၁☐ ၂☐ ၃☑ | ၃ | ၈ | ၁၃ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
